
(စာစဉ်-၁၃)
ပြန်လည်မွေးဖွားလာသော
ယောက္ခမဆိုး
ဘာသာပြန်Miracle Phyu

## အခန်း (၂၅၁)
## ကျန်းဝမ်ယုသည် ကျန်းမိသားစုရဲ့အာရုံကို ဤကဲ့သို့ ဖမ်းစားလိုက်နိုင်သည် (၃)

*

ဖန့်ကျွင်းရုံသည် သူ့အသက်ကို ကယ်တင်ခဲ့သူ ဖြစ်သည်။ သူ့ကို ကယ်တင်တဲ့ အချိန်တုန်းက သူမမှာ ယုတ်ညံ့တဲ့ ရည်ရွယ်ချက် ရှိ မရှိကို သူ ဂရုမစိုက်ဘူး။ သူ့ဘဝရဲ့အမှောင်မိုက်ဆုံးအချိန်မှာ သူ့ရှေ့မှာ ပေါ်ထွက်လာပြီး သူ့ဘဝကို အလင်းဆောင်ပေးခဲ့သည်။ ဖန့်ကျွင်းရုံရဲ့ ကျေးဇူးတွေကို ပြန်ဆပ်ဖို့အတွက် သုတေသန ရလဒ်ကောင်းများ ထွက်ပေါ်ရန် လုပ်ဆောင်ခဲ့ပြီးဒါက သူ လုပ်ပေးနိုင်သည့် တစ်ခုတည်းသော အရာ ဖြစ်သည်။

ဖန့်ကျွင်းရုံရဲ့ နာမည်ကို သူ့စာတမ်းမှာ ထည့်သွင်းချင်ပေမယ့် ဖန့်ကျွင်းရုံက ငြင်းပယ်ခဲ့သည်။

ဖန့်ကျွင်းရုံကတော့ ကျန်းဝမ်ယုရဲ့ ပံ့ပိုးကူညီမှုက သူမထက် သာသည်ဟု ခံစားမိလေသည်။ သူ့ကြောင့်သာ မဟုတ်ရင် သူမဟာ လက်တွေ့ကမ္ဘာမှာ ဒီဆေးဖက်ဝင်အပင်တွေကို ဘယ်လို စိုက်ပျိုးရမလဲ ဆိုတာကို သူမ မသိရှိနိုင်သလို ဒီဆေးညွှန်းဖော်မြူလာနှစ်ခုကို အများသူငှာ အကျိုးစီးပွားအတွက် အသုံးချနိုင်မှာလည်း မဟုတ်ပါဘူး။ ထိုနေ့က သူမ သူနှင့် တွေ့ဆုံခဲ့ရသည့်အတွက် အရမ်းပျော်မိသည်။

ကျောက်မျက်ရတနာဆိုတာ သူ့အလိုလို ထွန်းလင်းတောက်ပလာမှာပဲ ဖြစ်သည်။ သူမတို့ အရင်ဘဝမှာတုန်းက သူ သူမနဲ့ မတွေ့ခဲ့ရရင်တောင်

ကျန်းဝမ်ယုဟာ သူ့ဘဝမှာ နေရာတစ်ခု ရရှိအောင် စွမ်းဆောင်နိုင်တုန်းပါပဲ။ ယခု ဒီဘဝမှာတော့ ကျန်းဝမ်ယုသည် ယခင်ကကဲ့သို့ သူ့ကံကြမ္မာဆိုးထဲ ကျရောက်သွားမှာကို သူမ မစိုးရိမ်တော့ဘူး။ ယခု ကျန်းမိသားစုသည် သူမ ယခင်ဘဝကကဲ့သို့ အင်အားမရှိတော့ပေ။ သူတို့ရဲ့ အရိုးပြုပြင်ဆေးခရင်မ်သည် ကျောက်စိမ်းဖြူဆေးခရင်မ်ရဲ့ လွှမ်းမိုးခြင်းကို ခံခဲ့ရပြီး၊ သူတို့ရဲ့ ဆေးဝါးမိသားစုအခြေအနေသည် အန္တရာယ်ရှိသည့် အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်သည်။ တော်တော်များများက သူတို့ကို ဝါးမျိုနိုင်ဖို့ အခွင့်အရေးကို စောင့်မျှော်နေကြသည်။ သူတို့ရဲ့ လက်ရှိအနေအထားကို ဆက်လက်ထိန်းထားနိုင်ဖို့ကိုပဲ ရုန်းကန်နေရသည်။ သူတို့သည် ကျန်းဝမ်ယုကို ပစ်မှတ်ထားဖို့ အချိန်နှင့် လုံ့လစိုက်ထုတ်ဖို့ အားအင်ပင် မရှိပေ။

ဒါ့အပြင်၊ သူမသည် ကျန်းဝမ်ယုအတွက် အကာအကွယ်ပေးဖို့ စီစဉ်ပြီးသား ဖြစ်ကာ ကျန်းဝမ်ယုကို ကာကွယ်ပေးမည့်သူများကိုလည်း စေလွှတ်ပြီးသား ဖြစ်သည်။ ကျန်းမိသားစုက ကျန်းဝမ်ယုကို အကွက်ရွှေ့ချင်နေသေးရင် အဲ့ဒီအချိန်မှာ သူတို့ ကံဆိုးမိုးမှောင်ကျသွားရလိမ့်မည်။

လက်ရှိ ကျန်းဝမ်ယုသည် သူ့ရဲ့ယခင်အဆိပ်သင့်မှုသည် ကျန်းမိသားစုနှင့် ဆက်စပ်နေကြောင်းကို သိရှိထားပြီး၊ သူတို့သည် သူနှင့် ရန်သူများ ဖြစ်နှင့်နေပြီးမို့ ကျန်းဝမ်ယုသည် သူတို့လှည့်ကွက်ထဲ လွယ်လွယ်ကူကူ ကျရောက်သွားလိမ့်မည် မဟုတ်ပေ။

***

ဧပြီလကုန်တွင်၊ ထိပ်တန်းနိုင်ငံတကာဂျာနယ်တွေဖြစ်သည့် သဘာဝနှင့် သိပ္ပံ မဂ္ဂဇင်းနှစ်စောင်၏ နောက်ဆုံးထွက်ရှိမှုနှင့်အတူ ကျန်းဝမ်ယုသည် ရုတ်တရက် နာမည်ကြီးလာခဲ့သည်။ သူ့ရဲ့ အောင်မြင်မှုတွေအတွက် ပြည်တွင်းသတင်းစာက ဂုဏ်ယူစွာဖြင့် ဂုဏ်ပြုပေးခဲ့ပြီး၊ ထို့နောက် ဈေး

ကွက်ရှာဖွေရေး အကောင့်ကြီးတွေမှ သတင်းတွေကို ကြားသိခဲ့ပြီး တစ်ယောက်ပြီး တစ်ယောက် သတင်းတွေကို ထပ်ဆင့် ပြန်တင်ခဲ့ကြသည်။ ရုတ်တရက် ကျန်းဝမ်ယုသည် အလွန်လူသိများထင်ရှားလာပြီး မီဒီယာများစွာက သူ့နောက်ခံဘဝဇာတ်ကြောင်းကို စတင်ရှာဖွေလာခဲ့ကြသည်။

ဖန့်ကျွင်းရုံသည် သတင်းစာတိုက် အသေးလေးတွေက သတင်းတွေကို ဟိုဟိုဒီဒီ ဖြစ်သလို ဖန်တီးရေးသားမှာကို စိုးရိမ်သဖြင့် ကျန်းဝမ်ယုနှင့် တရားဝင် တွေ့ဆုံမေးမြန်းနိုင်ရန် မီဒီယာအချို့ကို ဆက်သွယ်ခဲ့သည်။ အမှန်တော့၊ ပိတ်ဆို့ခြင်းသည် သတင်းတွေကို ထုတ်ပြန်သည်ထက် ပိုဆိုးသည်။ အင်တာဗျူးထားသည့် သတင်းတွေ ထွက်လာသည်နှင့် တစ်နည်းမဟုတ်တစ်နည်း သိပ်ဂရုမစိုက်ကြတဲ့ အင်တာနက်သုံးစွဲသူတွေပင် သူ့အသွင်အပြင်ကြောင့် ဆွဲဆောင်ခံလိုက်ရသည်။ ကျန်းဝမ်ယုသည် အမှန်တကယ် ကြည့်ကောင်းသူတစ်ယောက် ဖြစ်သည်။ သူ့မျက်လုံး မျက်ခုံးတွေက ဆွဲဆောင်မှုရှိပြီး နူးညံ့သိမ်မွေ့သည်။ သူ့ရဲ့ အသက်မွေးဝမ်းကြောင်းနောက်ခံက သန့်ရှင်းပြီး သူ့မိသားစုနောက်ခံမှာ သာမန်ဖြစ်သည်။ ဒီနေ့ သူ့အောင်မြင်မှုတွေ အားလုံးကို သူ့ရဲ့ ပင်ကိုယ်စွမ်းရည်ကြောင့် ရရှိခဲ့ခြင်းဖြစ်သည်။ အင်တာဗျူးတွင် သူ့အပြောအဆိုတွေက အလွန်ရိုးစင်းပြီး အင်တာနက်ဘန်းစကားအချို့ကိုပင် သူ သိပ်မရင်းနှီးကြောင်း သိသာထင်ရှားကာ အနည်းငယ် ရယ်ရွှင်ဖွယ် ဖြစ်ခဲ့သည်။ သို့သော် သူ့ရဲ့ ဒီလို ရိုးစင်းတဲ့ပုံစံက လူအများရဲ့ စိတ်နှလုံးကို ဆွဲဆောင်သွားစေခဲ့သည်။

[ဒီလို မယုံနိုင်စရာ ကောင်းတဲ့ အသွင်အပြင်မျိုးလေး၊ ဂန္ဓဝင်ဆန်ဆန်လှပတဲ့ အမျိုးသားမျိုး၊ ငါတော့ ပျော်ဝင်သွားပြီ။]

[သေချာတာကတော့ သူ့ကို နတ်ဘုရားမ နွီဝါးက ကိုယ်တိုင် လက်နဲ့ ထုဆစ်ခဲ့တာပဲ။ ကျန်တဲ့သူတွေကတော့ ဖြစ်သလို လုပ်ထားတဲ့ ရွှံ့ရုပ်တွေပဲ

ဖြစ်လိမ့်မယ်။]

[သူရဲ့အသွင်အပြင် တစ်ခုတည်းနဲ့တင် လုံးဝ အသက်မွေးဝမ်းကြောင်း ပြုနိုင်တယ်။ ဒါပေမယ့်၊ မလုပ်ခဲ့ဘူး၊ အဲ့ဒီအစား သူက သူ့အရည်အချင်းကိုပဲ အားကိုးခဲ့တယ်။]

ကျန်းဝမ်ယုရဲ့ သူဌေးဖြစ်သည့် ဖန့်ကျွင်းရုံသည်လည်း အနည်းငယ် ဆွေးနွေးခံခဲ့ရသည်။ လူတော်တော်များများက သူမမှာ မျက်လုံးကောင်းရှိပြီး ကျန်းဝမ်ယုလို လူတော်တစ်ယောက်ကို ရှာတွေ့နိုင်ခဲ့တယ်လို့ ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ အရင်တုန်းက ကျန်းဝမ်ယု အလုပ်လုပ်ခဲ့ဖူးသည့် ကျောင်းကတော့ နှိုင်းယှဥ်ခံရပြီး မကျေမနပ် ဖြစ်ခဲ့ကြသည်။

ကျန်းဝမ်ယုတစ်ယောက် နာမည်ကျော်ကြားလာသောအခါတွင် ကျန်းမိသားစုရဲ့အာရုံကို မလွဲမသွေ ဆွဲဆောင်နိုင်ခဲ့သည်။

***

ကျန်းမိသားစု အကြီးအကဲ ကျန်းခိုင်ယွိက မိသားစုထဲ လူတိုင်းကို ခေါ်ပြီး မိသားစုအစည်းအဝေး ပြုလုပ်ခဲ့သည်။ သူက ကျန်းပိကို စက္ကန့်အနည်းငယ်လောက် ကြည့်ပြီးနောက် အကြည့်လွှဲလိုက်သည်။

"လတ်တလော သတင်းတွေကို လူတိုင်း မြင်ကြလိမ့်မယ်လို့ ငါထင်တယ်။ အသက် ၃၀ အရွယ်သာ ရှိသေးတဲ့ ကျန်းဝမ်ယုရဲ့ စာတမ်းကို နိုင်ငံတကာ ထိပ်တန်းသိပ္ပံမဂ္ဂဇင်းနှစ်ခုက လက်ခံခဲ့တယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလို အရည်အချင်းမျိုး ရှိတာက..." သူက တရားဝင်ဝက်ဆိုဘ်မှ ချီးကျူးစကားတွေကို ထပ်ခါတလဲလဲ ပြောဆိုခဲ့ပြီး ကျန်းပိရဲ့ မျက်နှာပေါ်ရှိ ဖြတ်ခနဲ ပျက်ယွင်းသွားသော အရိပ်အယောင်က သူ့အမြင်မှ မလွတ်မြောက်ခဲ့ပေ။ ကျန်းမိသားစုရဲ့ မြေးတွေထဲမှာ ကျန်းပိသည် အမှန်တကယ် ထူးချွန်သူတစ်ဦး ဖြစ်သည်။ ဒါပေမယ့် ထူးချွန်သူနှင့် ပါရမီရှင်ကြား ကွာဟချက်တွေ ရှိနေ

ဆဲ ဖြစ်သည်။

***

## အခန်း (၂၅၂)
## ကျန်းခိုင်ယွိက "ဟုတ်တာပေါ့၊ မှန်တာပေါ့" လို့ ပြောရင်း ကြင်နာတတ်တဲ့အပြုံးကို
## သူ့ကိုယ်သူ ဖိအားပေး ပြုံးပြခဲ့သည် (၁)

*

ကျန်းဝမ်ယုကို မရပ်မနား ချီးမွမ်းနေသည့် သူ့အဖိုး ပြောတာတွေကို နားထောင်နေရင်း၊ ကျန်းပိသည် သူ့နှလုံးသားထဲ၌ မမြင်နိုင်သော လက်သည်းတွေဖြင့် ကုတ်ခြစ်ခံနေရသလို ခံစားနေရသည်။ ဒါက သူ့ကို မငြိမ်မသက် ဖြစ်စေသည်။ သူက သူ့ရုပ်ရည်ကြောင့်ပဲဖြစ်ဖြစ် သူ့အရည်အချင်းကြောင့်ပင်ဖြစ်ဖြစ် သူ့ကိုယ်သူ အမြဲတမ်း ယုံကြည်မှု ရှိခဲ့သည်။ တစ်ဖက်တွင်မူ ကျန်းဝမ်ယုရဲ့ အသွင်အပြင်က သူ့ကို အတုအယောင်တစ်ခုလို ဖြစ်စေခဲ့သည်။ သူတို့က ရုပ်ချင်းဆင်ပေမယ့် ကျန်းဝမ်ယုက သူ့ထက် ပိုချောသည်။ သူတို့က သက်တူရွယ်တူတွေ ဖြစ်ကြပေမယ့် ကျန်းဝမ်ယု၏ ပညာရေးသည် သူ့ထက် သာလွန်ပြီး သိပ္ပံမဂ္ဂဇင်းနှစ်စောင်တွင် ပုံနှိပ်ဖြန့်ဝေခြင်း ခံခဲ့သည်။ ကျန်းပိသည် ယခင်က ဂျာနယ်ခွဲများတွင်သာ ထုတ်ဝေ ဖော်ပြခံခဲ့ရဖူးပြီး ဒါက နှိုင်းယှဥ်၍ မရပေ။ အထူးသဖြင့် သူ့အမေဆီက အဖြစ်အပျက်ဟောင်းတချို့ကို သိလိုက်ရတော့ သူ့စိတ်ခံစားချက်ကို ပိုဆိုးသွားစေသည်။

ဘာဖြစ်လို့ ကျန်းဝမ်ယုက တည်ရှိနေရတာလဲ။

"သေချာပေါက် ကျွန်တော်လည်း ဒီသတင်းကို ကြားတယ်။ သူ့အကြောင်း

ကို မီဒီယာတွေက နေ့ရောညပါ တင်ဆက်နေခဲ့တာ။ မျက်စိရှိသူတိုင်း သူ့ကို မြင်ဖူးကြလိမ့်မယ်။ ပြီးတော့ သူက ကျွန်တော်တို့ရဲ့ အကြီးဆုံးတူလေးနဲ့ တော်တော်တူတယ်။ ပြောရမယ်ဆိုရင် သူက ကျန်းပိထက် အများကြီး ပို စွမ်းဆောင်နိုင်သေးတယ်။ ကျန်းပိသာ သူ့လို စွမ်းဆောင်နိုင်မယ်ဆိုရင် ကျွန်တော်တို့ အလှအပဆေးလုံးနဲ့ အခြားဆေးပစ္စည်းတွေက ပါဝင်ပစ္စည်း တွေကို ရှာဖွေထားနိုင်လောက်ပြီ ဖြစ်မယ်။" ကျန်းပိရဲ့ ဒုတိယဦးလေးက မ ဖော်ရွေသည့်အသံဖြင့် ပြောသည်။

ထိုစကားကို ကြားတော့ ကျန်းပိရဲ့ မျက်နှာ ပျက်ယွင်းသွားသည်။ သူ့ ဦးလေးက ကျန်းဝမ်ယုကို ချီးကျူးစကားပြောရုံနဲ့ မပြီးနိုင်ဘူးလား။ သူ့ကို ပါ ချနင်း ပြောဆိုဖို့ လိုအပ်လို့လား။

ကျန်းခိုင်ယွိရဲ့ အသံဟာ ပိုကျယ်လာသည်။ "ကျန်းဝမ်ယုက ကျန်းမိသားစု က ကလေးတစ်ဦးပဲ။ ငါတို့ သူ ငယ်ငယ်တုန်းက သူ့ကို ပျောက်ဆုံးသွားခဲ့ တာ။"

ထိုသို့ သူ ပြောလိုက်သည်နှင့် အခန်းတစ်ခုလုံး တိတ်ဆိတ်သွားကာ လူအ များက သံသယဝင်နေပုံရသည်။

"အဖေ၊ ကျွန်တော်တို့မိသားစုမှာ ဘယ်တုန်းက ကလေး ထပ်ရှိသွားတာ လဲ။ ပြီးတော့ ကျွန်တော်တို့က သူ့ကို ပျောက်သွားတာလား။ ဒီအကြောင်းကို ကျွန်တော်တို့ ဘာဖြစ်လို့ တစ်ခါမှ မကြားဖူးတာလဲ။"

"ဒါ အမှန်ပဲလား။ သူက ကျွန်တော်တို့ အစ်ကိုကြီးရဲ့ ကလေး တကယ်ပဲ ဖြစ်နိုင်ပါ့မလား။"

"အစ်ကိုကြီးလား။" လွန်ခဲ့သော ၈ နှစ်က ကွယ်လွန်သွားခဲ့သော ကျန်း ပိ၏ဖခင် ကျန်းမောင်ကို ရည်ညွှန်းသည်။ ကျန်းဝမ်ယုရဲ့ ရုပ်ဆင်း အသွင်အပြင်ကို မြင်သောအခါ ယခင်က မြင်ဖူးသလို ခံစားခဲ့ရသည်။

သွေးသားမတော်စပ်ပေမယ့် ရပ်ရည် ဆင်တူတဲ့သူတွေလည်း ရှိကြသည်။ မှန်းဆချက်က မှန်းဆချက်သာ ဖြစ်ပြီး တကယ့်ကို ကျန်းမျိုးနွယ်ရဲ့ ကလေး တစ်ဦးလို့ ဘယ်သူမှ မထင်ခဲ့ကြဘူး။ သူတို့ရဲ့ မိသားစုအကြီးအကဲက ဒါကို အတည်ပြုချက် ပေးခဲ့သည်။ သူ့သဘောထားကို ကြည့်လျှင် သူက ဒါကို တလျှောက်လုံး သတိထားမိနေပုံရသည်။

ကျန်းမိသားစုခေါင်းဆောင်က ရှုပ်ထွေးနေသော မျက်နှာအမူအရာဖြင့် ခေါင်းညိတ်လိုက်ပြီး "သူက ကျန်းမောင့်ရဲ့ သားပဲ။ သူက လွန်ခဲ့တဲ့ နှစ်ဆယ့်ခြောက်နှစ်လောက်က မတော်တဆ ပျောက်ဆုံးသွားတဲ့ မောင့်အာရဲ့ ကလေးပဲ။ မောင့်အာ မသေခင်မှာ သူ့အကြောင်းကို အမြဲတွေးနေခဲ့တယ်။ သူ့ကလေးကို အမြန်ဆုံး ပြန်တွေ့ပြီး မိသားစုထဲ ပြန်ခေါ်လာဖို့ မျှော်လင့်နေခဲ့တယ်။ ဘုရားသခင် ကောင်းချီးပေးတာပဲ။ ကလေးက အရမ်းအောင်မြင်လာခဲ့တယ်။ မောင့်အာက သူ့ကို ကောင်းကင်ပေါ်ကနေ ကြည့်ရှုစောင့်ရှောက်ပေးနေတာ သေချာတယ်။"

"ကလေးရဲ့ မိခင်ရင်းက ဘယ်သူလဲ။ သူက မရီး မဟုတ်ဘူးမလား။ မရီးမှာ ကလေးနှစ်ယောက် ရှိတယ်လို့ ကျွန်တော် မမှတ်မိဘူး။"

ကျန်းမိသားစုခေါင်းဆောင်က ဒီကိစ္စကို သိပ်ပြောချင်ပုံ မရဘူး၊ သူက ရိုးရိုးရှင်းရှင်းပဲ ပြောခဲ့သည်၊ "သူ့မွေးမိခင်က ဆုံးပါးသွားတာ ကြာပြီ။"

သူက ခဏလောက် ခေတ္တရပ်တန့်ပြီးတော့ ဆက်ပြောသည်၊ "ကလေးက ငါတို့အပေါ် အတွေးလွန်ပြီး ခံစားချက်အမှားတွေ ရှိမှာကို တားဆီးဖို့အတွက် သူ့ကို ပြန်ခေါ်လာတဲ့အခါ သူနဲ့ ကျန်းပိက အမြွှာတွေဖြစ်ပြီး သူ့ကို ငယ်ငယ်တုန်းက လမ်းမှာ မတော်တဆ ပျောက်ဆုံးသွားခဲ့တာလို့ ပြောရလိမ့်မယ်။"

သူက ခြိမ်းခြောက်တဲ့ လေသံနဲ့ အခန်းပတ်ပတ်လည်ကို ပတ်ကြည့်လိုက်

သည်၊ "သူ့ရှေ့မှာ မဟုတ်တဲ့ ဇာတ်ကြောင်းတွေကို ပြောတဲ့သူရှိရင် ပြောတဲ့သူကို ပြင်းပြင်းထန်ထန် အရေးယူရလိမ့်မယ်။"

အခန်းတွင်းရှိ အသံအားလုံး တိတ်ဆိတ်သွားကာ အားလုံးက မိသားစုခေါင်းဆောင်ကို ထိတ်လန့်စွာ ကြည့်နေခဲ့ကြသည်။ သူ ပြောလိုက်သည့် စကားအရ ကျန်းဝမ်ယုသည် ကျန်းမိသားစု၏ မျိုးရိုးစဥ်ဆက်ဇယားတွင် သူ့မျိုးဆက်ရဲ့ အကြီးဆုံးကလေးအဖြစ် မှတ်တမ်းတင်ခံရတော့မည် ဖြစ်သည်။

"မရီးကရော ဒါကို သဘောတူရဲ့လား။"

ဒုတိယဦးလေးကျန်းက မနေနိုင်ပဲ လှမ်းမေးလိုက်သည်။ ကျန်းဝမ်ယုသည် သူ့အဖေ ပြောပုံအရ လက်မထပ်ပဲ မွေးဖွားခဲ့သည့် ကလေးတစ်ယောက် ဖြစ်ပုံရသည်။ လက်မထပ်ပဲ မွေးဖွားလာခဲ့သော ဒီကလေးကို သူမရဲ့ အမည်အောက်မှာ အကြီးဆုံးသားအဖြစ် မှတ်တမ်းတင်ရမှာဖြစ်ပြီး သူမသွေးသားရင်းကလေးနှင့် အပြိုင်အဆိုင် ဖြစ်လာလိမ့်မည်။ သေချာတာတစ်ခုကတော့ အဲ့ဒီနေရာမှာ သူသာ ဆိုရင် ဒါကို လုံးဝ သည်းမခံနိုင်လောက်ဘူး။

ကျန်းမိသားစုခေါင်းဆောင်က အေးဆေးတည်ငြိမ်စွာ ပြောသည်၊ "သူမ မကန့်ကွက်ဘူး။"

"သူက ပိအာရဲ့ အမွှာအစ်ကို ဖြစ်လာလိမ့်မယ်။"

ကျန်းမိသားစုသည် ထိုညက ထိတ်လန့်တုန်လှုပ်ဖွယ် သတင်းကို ကြားလိုက်ရပြီးနောက် သိပ်မကြာခင်မှာပင် ကျင့်သားရသွားခဲ့သည်။

***